# သတင်းထုတ်ပြန်ကြေငြာချက်

**ဒီဇင်ဘာလ ၁၄ ရက် ၂၀၁၀ ခုနှစ်**

## တရုတ်နိုင်ငံ၌ အသစ်ဆောက်လိုက်သောရေကာတာကြောင့် မြန်မာနိုင်ငံဖက်ခြမ်း အဓိကနယ်စပ်ဖြတ်ကျော် ရေကြောင်းကုန်သွယ်ရေးအား ထိခိုက်နစ်နာစေခြင်း

တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ လောင်ဂျန်းမြစ်ပေါ် မကြာသေးမီက တည်ဆောက်လိုက်သည့် ရေအားလျှပ်စစ်ထုတ် ရေကာတာကြောင့် မြန်မာနိုင်ငံရှမ်းပြည်မြောက်ပိုင်းရှိ နယ်စပ်ကုန်သွယ်ရေးအပေါ် မှီခိုအားထားနေကြရသည့် ထောင်သောင်းချီသော ရွာသူရွာသားများ ဒုက္ခကြီးစွာရောက်နေကြရကြောင်း ဒေသခံရှမ်းသုတေသီများထုတ်ပြန်သော အစီရင်ခံစာအသစ်တခုက ဆိုသည်။

ရှမ်းသဘာဝပတ်ဝန်းကျင်ရေးရာအဖွဲ့ (Shan Sapawa Enviromental Organisation) နှင့် ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (Shan Women's Action Network) တို့ ပူးပေါင်းထုတ်ဝေသော "*မြင့်တချီ ခန်းတလှည့်*" အစီရင်ခံစာက ၂၀၁၀ ခု နှစ်လယ်၌ ပြီးစီးခဲ့သော မီတာ ၁၁၀ အမြင့်ရှိ လောင်ဂျန်းရေကာတာ ဆောက်လုပ်ပြီးချိန်မှစ၍ မူဆယ် နှင့်နမ့်ခမ်းအနီး ရွှေလီမြစ် (တရုတ်အခေါ် လောင်ဂျန်းမြစ်) ၌ တွက်ဆမရသည့် ရေအတက်အကျများ နေ့စဉ်နှင့်အမျှဖြစ်ပေါ်နေသဖြင့် မြစ်ကိုအားထားသော ဒေသကုန်သွယ်ရေးနှင့် ခရီးသွားလာမှုများ ထိခိုက်နစ်နာနေရကြောင်း ဖေါ်ထုတ်လိုက်သည်။ ၎င်း လောင်ဂျန်းရေကာတာကို တရုပ်–မြန်မာနယ်နိမိတ် ရွှေလီမြစ်၏ အထက်ပိုင်း ကီလိုမီတာ ၃၀ ခန့်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

တရုတ်–မြန်မာနယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၏ အဓိကကျသောနေရာဖြစ်သည့် မူဆယ်မြို့ အနီးတဝိုက်ရှိ ရွှေလီမြစ် ရေမျက်နှာပြင်မှာ ရုတ်ချည်းအတက်အကျ အဆက်မပြတ်ဖြစ်နေရာ လှေများသောင်တင်ခြင်းနှင့် ရေမြုပ်ခြင်းများကို ကြုံတွေ့နေရသည်။ သို့ဖြစ်ရာ မူဆယ်မြို့အနီးတဝိုက် ရေလမ်းဖြင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်သော လုပ်ငန်းကို အဓိကအားကိုးအားထားပြုနေသည့် ရွာသူရွာသား ခန့်မှန်းခြေ ၁၆၀၀၀ ကျော်တို့၏ ဝင်ငွေမှာ သိသိသာသာ ကျဆင်းသွားကြောင်း အစီရင်ခံစာက ဆိုသည်။

"*ကျနော်တို့ရွာသားတွေက ဒီမြစ်မှာနေ၊ ဒီမြစ်မှာစား၊ ဒီမြစ်မှာ အလုပ်လုပ်နေကြရတဲ့သူတွေပါ။ အခုလို မြစ်ရေချက်ချင်းကြီး တက်လာလိုက်ကျလိုက် ဖြစ်နေတော့ ကျနော်တို့ လုပ်ကိုင်၊ စားသောက်လို့ မရတော့ဘူး။*" ဟု ၎င်းမြစ်ပေါ်တွင် မှီခို ရပ်တည်နေရသူ ရွာသားတဦးက ပြောဆိုခဲ့သည်။

ဒေသခံရွာသူရွာသားများက ရေကာတာကြောင့်ဖြစ်လာသည့် ရိုက်ခတ်မှုများကို စုံစမ်းစစ်ဆေးပေးရန်အပြင် ရိုက်ခတ်မှုများ နည်းနိုင်သမျှနည်းသွားစေရေး လုပ်ဆောင်ပေးပါရန် တရုတ်အစိုးရအာဏာပိုင်များထံသို့ အပူတပြင်းတောင်းဆိုထားသည်။ တဆက်တည်းမှာပင် ယခုအစီရင်ခံစာရေးသားသူများကလည်း တရုတ်နိုင်ငံအား ၎င်းအနေဖြင့် တရုပ်နိုင်ငံ၌ ဆက်လက်ဆောက်လုပ်မည့် ရေကာတာများရှိပါက နယ်နိမိတ်ဖြတ်ကျော်ရိုက်ခတ်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်များလုပ်သင့်ကြောင်း မေတ္တာရပ်ခံနေကြသည်။

"ရေကာတာကြောင့်ဖြစ်လာမယ့် ရိုက်ခတ်မှုဆိုင်ရာ ဆန်းစစ်လေ့လာချက်တွေကို နိုင်ငံနယ်နိမိတ်ကိုမကြည့်ပဲ မြစ်ကြောင်းတလျှောက်လုံးအတွက် လုပ်ဆောင်သင့်ပါတယ်။ လောင်ဂျန်းဖြစ်ဖြစ်၊ မဲခေါင်ဖြစ်ဖြစ်၊ သံလွင်ဖြစ်ဖြစ် တရုတ်နိုင်ငံအနေနဲ့ ဒီမြစ်တွေအပေါ်မှာ အမှီပြုနေရတဲ့ လူမှုအသိုင်းအဝန်းတွေအပြင် ကျနော်တို့တွေအားလုံး မျှဝေပိုင်ဆိုင်ကြတဲ့ ဒီမြစ်တွေရဲ့ ဇီဝပြည့်စုံမှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။" ဟု ရှမ်းသဘာဝပတ်ဝန်းကျင်ရေးရာအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ စိုင်းစိုင်း က ပြောဆိုခဲ့သည်။

တရုတ်နိုင်ငံက တည်ဆောက်သော ရေကာတာများကြောင့် မဲခေါင်မြစ်အောက်ဘက်ပိုင်း သက်ရောက်ရိုက်ခတ်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာအချေအတင်ပြောဆိုမှုများ တစစတိုးများလာနေသည်။ တရုတ်နိုင်ငံသည် ၎င်းနိုင်ငံအတွင်းဖက်ရှိ သံလွင်မြစ်ပေါ်တွင်လည်း ရေကာတာ ၁၃ ခု တည်ဆောက်ရန်လည်း စီစဉ်ထားသည်။

အစီရင်ခံစာအပြည့်အစုံကို www.shanwomen.org ဖတ်ရှုနိုင်ပါသည်။

ဆက်သွယ်ရန်– စိုင်းစိုင်း + ၆၆ ၈၃ ၁၅၂ ၄၄၁၅
နန်းမွန်းကိန် + ၆၆ ၈၁ ၉၉၂ ၁၁၂၁

ရှမ်းသဘာဝပတ်ဝန်းကျင်ရေးရာအဖွဲ့

ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း